
သျှင်လင်းအိမ်

# စစ်သခင်ရဲ့ ချစ်ဘုရင်



# အပိုင်း ၁

သဲသဲမဲမဲ ရွာသွန်းနေသည့် မိုးပြင်းလေပြင်းတို့ ကြားတွင် အားပျော့စွာ ပြေးလွှားနေသည့် လူငယ်လေးတစ်ဦး ... မိုးရေတို့ နှင့် ရောယှက်စီးမျောသွားသည့် ထိုလူငယ်၏ ကိုယ်မှ စိမ့်ထွက်နေသော သွေးတချို့။

ထိုကလေးအား အမိအရလိုက်လံ ရှာဖွေနေသော လူတို့လိုက်ပါလာသည့် အနက်ရောင် parado ကားသုံးစီး။

ဝေဝါးလာသည့် မျက်လုံး အစုံနှင့်အတူ ထိုလူငယ်ရောက်ရှိဆဲ နေရာမှာ တင် လဲကျသွားသည် ။ ထို့နောက် အမှောင်ကမ္ဘာထဲသို့ ... sixteen years later 2008 ...

*တီတီ ... တီတီ ... တီတီ ... တီတီ ... *

နားစည်သို့ ဒုက္ခအပြင်းအထန် လာပေးသော ခုတင်ခေါင်းရင်းမှ နှိုးစက်နာရီကို ခတ်ပြင်းပြင်း ဆောင့်ပိတ်လိုက်သည် ။ မပွင့်သေးသော မျက်လုံးတို့ ကို လက်ခုံဖြင့်ဖိပွတ်ကာ အိပ်ရာမှ ထရန် ပြင်လိုက်သည့် စိုင်းတိမ်ယံထက်။

အညောင်းဆန့်ကာ အိပ်ရာမှ ထ၍ လျှော့ရဲရဲပုဆိုးကို ပြင်ဝတ်လိုက်သည် ။ ဝတ်ထားသည့် စွတ်ကျယ်ဂျိုင်းပြတ်ကို ချွတ်ကာ ပခုံးပေါ်တင်လိုက်ပြီး အိမ်နောက်ဖေးရှိ ရေအုတ်ကန်ဆီသို့ ဦးတည်လိုက်သည် ။ အုတ်ကံပေါ်ရှိ သွားတိုက်တံနှင့် ဆပ်ပြာခွက်တို့ ထည့်ထားသော ခတ်ပိန်ပိ

န် ဒန်ဖလားကိုယူကာ မျက်နှာသစ်၊ ရေမိုးချိုးခြင်းအလုပ်ကို စတင်လိုက်၏။

အဝတ်လဲ ပြင်ဆင်ပြီးသည် နှင့် လွယ်အိတ်ဆွဲကာ ကျောင်းသွားရန် အခန်းထဲမှ ထွက်ခဲ့သည် ။ မသွားခင် မီးဖိုချောင်ထဲသို့သွားကာ မိခင်ဖြစ်သူ လုပ်ပေးခဲ့သည့် ထမင်းဆီစမ်းနှင့် ပဲပြုတ်ကို အဝတွယ်လိုက်သည် ။ ဤသည် မှာ စိုင်း၏ မနက်စာ။ စားပြီးသည် နှင့် ပန်းကန်ဆေးကာ ပန်းကန်ကိုစဉ်ပေါ်တွင် ပြန်မှောက်ခဲ့၍ အိမ်ရှေ့သို့ ...

အိမ်လမ်းထိပ်ထိ လမ်းလျှောက်လာကာ စောင့်စီးနေကျ ကျောင်းဖယ်ရီကို ကျောင်းသို့ခရီးဆက်ရန် အသုံးပြုလိုက်သည် ။ ဤသည် မှာ စိုင်း၏ နေ့စဉ် ကျောင်းသွားသည့် အလုပ်ပင်။

ညနေကျောင်းဆင်းချိန် တွင် လည်း ဖယ်ရီဖြင့်သာ အိမ်သို့ပြန်ရသည် ။

"မေမေ ... သားပြန်ရောက်ပြီ"

"အေးအေး ... သားလေး မေမေ ထမင်းပြင်ပြီးပြီနော် ... ခြေလက်ဆေးပြီး စားလိုက် မေမေမစားသေးဘူး"

"ဟုတ် ... "

စိုင်းတို့ သားအမိ အမေတစ်ခု သားတစ်ခုဘဝသို့ ရောက်ခဲ့သည် မှာ ခြောက်လကျော်ခဲ့ပြီ။ တစ်ဦးတည်းသော မိသားစုဝင်ဖြစ်ကာ မိမိအားလည်း သိပ်ချစ်သည့် မိခင်ဒေါ်နန်းမြလှိုင်က စိုင်းဘဝ၏ တစ်ခုတည်းသော ခိုကိုးရာပင်။ ခြေလက်ဆေး သန့်ရှင်းရေးလုပ်ကာ ထမင်းစားပြီးဆိုင်စောင့်လေတော့သည် ။

***

ကျောင်းတွင် ငြီးငွေ့ငွေ့ရှိသည် နှင့် အပြင်ထွက်လည်ရန် အုပ်စုဖွဲ့တိုင်ပင် ဖြစ်ကြရာ အဖွဲ့ထဲမှ ပိုက်ဆံအထောဆုံး အောင်ကောင်းထက်က တကာခံမည်ဆိုသည် နှင့် ခပ်မြင့်မြင့် စားသောက်ဆိုင်တစ်ဆိုင်တွင် ထိုင်ဖြစ်ကြသည်။ မှာ စရာရှိသည် မှာ စားစရာ ရှိသည် စားကာ ပြီးသည် နှင့် နေရာရွှေ့ရန် ထိုဆိုင်မှ အထွက် ...

"အား ..."

ဖြူဖွေးနုဖပ်နေသည့် အနက်ရောင်ကတ္တီပါ ဖိနပ်လေးကြားမှ စိုင်း၏ ခြေထောက်လေးမှာ ရေနွေးဒဏ်ကြောင့် ရဲတက်လာရသည်။

"sorry ကောင်လေး ..."

"ခင်များ ဗျာ ... ရှေ့လေးနောက်လေး ကြည့်လုပ်မှ ပေါ့ ပူလိုက်တာ ... ကျစ်"

"sorry ကွာ ဦးမမြင်လိုက်လို့ ... အရမ်းပူသွားလား ... ဆေးခန်းပြဖို့ လိုလား ... ဦးပိုက်ဆံ ပေးလိုက်မယ်"

ပြောပြောဆိုဆို လည်သာခေါက် အိတ်ထဲမှ တစ်သောင်းတန် ငွေစက္ကူတချို့ကို ထုတ်ပေးနေသည့် ထိုလူကြောင့် ...

"ဟာ ... ခင်ဗျားကို ပိုက်ဆံလိုချင်လို့ ပြောနေတယ်များ မှတ်နေလား ... ခင်ဗျား လူလိုမသိလို့ ပြောနေတာဗျ ... "

"ဟျောင့် တော်ပါတော့ကွာ"

စိုင်း၏ သူငယ်ချင်းတစ်ဦးမှ ဝင်တားလိုက်သည်။

"ခင်ဗျားတို့လို ပိုက်ဆံချမ်းသာတဲ့ လူတွေကလေ ... နေရာတကာ ငွေနဲ့ ပဲဖြေရှင်းချင် နေကြတာပဲနော် ... သိပ်စိတ်ပျက်ဖို့ ကောင်းတယ် ... "

အထက်စီးကနေ တစ်ခွန်းချင်းပြောကာ လှည့်ထွက်သွားသည့် စိုင်းအား ထိုသူခဏမျှကြည့်ကာ နေရာတွင် ပြန်ထိုင်လိုက်သည် ။

"ဟျောင့် ... မင်း ... မင်းအစစ်မှ ဟုတ်ရဲ့ လား"

ထိုသူ၏ ရှေ့တွင် ရှိသူမှ မေးလိုက်ခြင်း ဖြစ်သည် ။

"ဟမ် ... ဘာလို့ လဲ ... "

"ဟက် ... ဘာလို့ ရမှာ လဲ ... မင်းကို အဲဒီလောက် ပိတ်ကောသွားတဲ့ ကောင်လေးကို ဘာမှ မလုပ်ပဲ ကြည့်နေလို့ လေ ... အရင်က မင်းမှ ဟုတ်ရဲ့ လားလို့ ... "

ထိုသူ၏ စကားကြောင့် သူ'ခ'ခနဲ့ ပြုံးလိုက်မိသည် ။

တစ်နှစ်မှ တစ်ခါလောက်သာ ပေါ်လာတတ်သော အပြုံးချိုချို တစ်ခု ပေါ့။

***

# အပိုင်း ၂

ကျွန်တော့်နာမည် စစ်သခင်။ ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက်။ ကျွန်တော့်ဘဝမှာ အပေါ်ဆုံးက အသပြာ။ ဗိုလ်လိုဆိုရင် money ပေါ့။ ပေါလွန်းလို့ ဘာလုပ်ပစ်ရမှန်း မသိအောင်ပါပဲ။ လုပ်ငန်းတွေ အများကြီးကို ကျွန်တော်တစ်ဦးတည်း ပိုင်သည် ဆိုလျှင် ယုံမလားပဲ။ မယုံလို့လည်း မရဘူးလေ။ ကျွန်တော် တကယ်ပိုင်တာကို။ ဒါပေမဲ့ ဟန်ပြသက်သက်ပါ။ ကျွန်တော် အဓိကလုပ်တာက အဖြူရောင် အမှုန့်လေးတွေ အရောင်းအဝယ်လုပ်တဲ့ ကိစ္စပါ။ ရှင်းရှင်းပြောရရင် no4ပေါ့ဗျာ။ ယနေ့ခေတ်လူငယ် အများ စု ကြိုက်နှစ်သက်ကြတဲ့ မုန့်တစ်မျိုးပေါ့။ ဒုစရိုက်လောကသား တစ်ယောက်အနေနဲ့ ရှင်သန်လာခဲ့တာ ၁၄နှစ်ရှိခဲ့ပြီ။ ကျွန်တော့် အသက် ၁၇နှစ် မပြည့်ခင်တည်းကလေ။ လူ့ဘဝဆိုတာ ဖြစ်ချင်တာတွေချည်းမှ တန်းစီပြီး ဖြစ်မလာဘဲ။ ကံဇာတ်ဆရာအလိုကျ ကျရာဇာတ်ရုပ်ကို ပီပြင်အောင် သရုပ်ဆောင် ရတာချည်းပဲလေ။ ကျွန်တော့်ဘဝက ဒီလိုစတော့လည်း ဒီလိုပဲအဆုံးသတ်ရမယ် မဟုတ်လား။ အဝင်လမ်းရှိပေမဲ့ အထွက်တံခါး မဖောက်ထားတဲ့ မှောင်ခိုလောကကြီးထဲကို ရောက်လာတာကြာပေမဲ့ အခုထိ ပြန်မထွက်ဖြစ်သေး။ ထွက်စရာလည်း လမ်းမတွေ့။

ဒုစရိုက်သမားတွေ သွားရာလမ်းက နှစ်လမ်းပဲ ရှိတယ်။ အရှင်ထွက်နဲ့ အသေထွက်ပေါ့။ အသက်ရှင်လျက် ထွက်ချင်ရင် ခပ်ကျဉ်းကျဉ်း သံ

တိုင်လေးတွေ ဝန်းရံထားတဲ့ နေရာမှာ နှစ်ပေါင်းများ စွာနေ။ အဲဒီလိုမှ မဟုတ်ရင် လောကကြီးကပါ တစ်ခါတည်း ထွက်သွား။ ဒီနှစ်လမ်းက လွဲရင် ကျန်တာရှိလေမည်မဟုတ်။

ဒါတွေထားပါ ... ကျွန်တော် ဒီနေ့ဖြစ်ခဲ့တဲ့ အဖြစ်ပျက်လေး တစ်ခုကို တင်စမ်းချင်ပါဘိ။ တခြားတော့မဟုတ်။ ကျွန်တော်ရေနွေးနဲ့ ပတ် လိုက်မိတဲ့ ကလေးလေး အကြောင်းပါ ... ကျွန်တော့် လုပ်ဖော်ကိုင်ဖက် ဖြစ်တဲ့ ဇာနည်နဲ့ မတွေ့တာကြာပြီမို့ နှစ်ယောက်အတူ စားသောက်ဆိုင် ထိုင်ဖြစ်ကြသည် ။

အကင်တချို့နှင့် စားသောက်ဖွယ် တချို့မှာ ကာ စားဖြစ်ကြသည် ။ ဇာနည်က ဘီယာ မှာ သောက်သော်လည်း ရေနွေးကြမ်းကိုသာ ကျွန်တော် အဖော်ပြုလိုက်သည် ။

ခန္ဓာကိုယ် စမတ်ကျနေသည် ကို သဘောကျတာကြောင့်လည်း ပါ တာပေါ့။ ဗိုက်ရွဲရွဲ ဖောအစ်အစ် ဖြစ်လာမှာ ကို မလိုလားသည် ကြောင့် ဆိုင်ထိုင်တိုင်း မသောက်ဖြစ်။

ကျွန်တော်တို့ နှစ်ယောက်ထိုင်ကာ အလုပ်ကိစ္စနှင့် အခြားကိစ္စတို့ ပြောနေစဉ် ...

ခတ်လွင်လွင် ထွက်လာသည့် ရယ်သံချိုချိုလေးကြောင့် ဆိုင်ထဲသို့တ စ်ချက် ဝေ့ကြည့်လိုက်တော့ ... နက်မှောင်မှောင် ဆံနွယ် တချို့ကိုလက်န င့်ဖွရင်း အပေါင်းအသင်းများ နှင့် ရယ်ရယ်မောမော တသောသော ဖြစ် နေသည့်ကောင်လေး။

ကျွန်တော် ဆိုင်အပြင်ရှိ စားပွဲဝိုင်းတွင် ထိုင်ကာ ကြည့်နေသည် ကြောင့် ဆိုင်အပေါက်ဘက်သို့ လှည့်ထိုင်နေသည့် ထိုကောင်လေးကို ကျွန်တော် ရှင်းလင်းစွာမြင်ရသည် ။

ခတ်ဟဟရယ်လိုက်တိုင်း ပေါ်ထွက်လာသည့် ညာဘက်သွားဖုံးပေါ် ရှိ သွားဆွယ်လေးက ဖြူဖွေးနုဖပ်လွန်းသည့် သူ့မျက်နှာလေး၊ ခတ်ရဲရဲ ပါးလွှာလွှာ နှုတ်ခမ်းလေးနှင့် လွန်စွာလိုက်ဖက်မှု ရှိသည် ။

သူ့သူငယ်ချင်း ပြောသမျှကို မျက်လုံးလေး ပိတ်မတတ် သဘောကျ ကာ ရယ်မောနေသည့် ထိုကောင်လေးမှာ ဤလောကတွင် အပြစ် အကင်းဆုံး လူသားလေးဟု ကျွန်တော် ထင်မိသည် ။

ခဏမျှအကြာ သူတို့ အုပ်စု စားပွဲဝိုင်းမှ ထကာ ပြန်ရန် ပြင်လိုက်သ ည် ကြောင့် ကျွန်တော့် အကြည့်တို့ ကို ရုပ်သိမ်းရင်း ရေနွေးခွက်ထဲသို့ ရေနွေးတချို့ကို ငှဲ့လိုက်သည် ။

"ဘာတေဒီလောက် ငေးနေတာလဲ"

ဆိုသော ဇာနည့် စကားကြောင့် ရှက်ရမ်းရမ်းသည် ပဲ ဆိုရမလား ငှဲ့ ထားသည့် ရေနွေးကို ချက်ချင်း ကောက်သောက်လိုက်မိသည် ။

လျှာတစ်ခုလုံးကို မိုးကြိုး ပစ်လိုက်သည် အလား ပူဆင်းသွားစေ သည့် ရေနွေးကြောင့် ဘာလုပ်ရမှန်းမသိ ဘေးကြမ်းပြင်ပေါ်သို့သာ ခပ် ကြောင်ကြောင် ပတ်လိုက်မိသည် က ထိုကောင်လေး၏ ခြေထောက် လေးတစ်ဖက် ဖြစ်သွားမှန်းမသိလိုက်။

ကျွန်တော့် လျှာကို အတော်ဒုက္ခ ပေးသွားသည့် ဤရေနွေးကြမ်း ကြောင့် ထိုကောင်လေး ဘယ်လောက်ပူသွားမည်ကို ကျွန်တော် သိလိုက် သည် ။

စိုးရိမ်တာကော၊ အားနာသည် ကြောင့်ပါ အိတ်ထဲရှိ ပိုက်ဆံတချို့ကို ထုတ်ပေးမိသော်လည်း ထိုကလေးက အထင်မြင် လွဲသွားသည် လေ။ လူမှုရေးနှင့် ပတ်သက်လာလျှင် kg တန်းမှ မတက်သည့် ကျွန်တော်က

လည်း နေရာတကာ ငွေနှင့်သာဖြေရှင်းရန် ကြိုးစားမိသည် ။ ကျွန်တော့်တွင် ရှိသည် ကလည်း ထိုအရာပဲကို။

အထူးဆန်းဆုံးက ကျွန်တော်ပင်။ စစ်သခင်ဆိုတဲ့ ကျွန်တော်က ကိုယ့်ကို မျက်လုံးလေးနဲ့ တစ်ချက် စောင်းကြည့်လျှင်တောင် ကြည့်တဲ့ကောင်ကို ဆေးရုံ တက်ရလောက်အောင် လုပ်တတ်တဲ့ ကောင်။

စောင်းကြည့်တဲ့ မျက်လုံးကို ထိုးမဖောက်ရုံတမယ် ရောင်ကိုင်းနေအောင် ဆွဲထိုးတတ်တဲ့ ကောင်။

အဲဒီလို မိုက်ကန်းလွန်းသည့် ကျွန်တော့်ကိုမှ လက်ညှိုး ငေါက်ငေါက်ထိုးကာ အကြီးကြီး နှိပ်ကွပ်သွားသည့် ထိုကလေးပိစိလေးအား ကျွန်တော် ရပ်ကြည့်နေရုံမှ အခြားဘာမှ မလုပ်မိခဲ့။

ဖြူဥနူးညံ့လွန်းနေမည့် သူ့မျက်နှာလေးကို ထိုးကြိတ်ရန် နေရာရှာမရသည် ဆိုလျှင် ပို၍ မှန်လေမလား ...

သေချာတာ တစ်ခုကတော့ တစ်သက်လုံး လူတကာကို အနိုင်ယူခဲ့သည့် ကျွန်တော် ထိုကလေးကို ရှုံးသွားခဲ့သည် ။

***

# အပိုင်း ၃

ကျောင်းပိတ်ရက် ဖြစ်သည် ကြောင့် အပြင်သို့ ထွက်လည်ဖြစ်သည့် စိုင်း။ စိုင်းတို့ နေသည့် ရပ်ကွက် လမ်းကြားလေးထဲတွင် စက်ဘီးပတ်စီး ဖြစ်သည် ။

*တီ ... *

စူးနက်စွာ ပေါ်ထွက်လာသည့် နောက်ကကားဟွန်းသံ ကျယ်ကျယ်ကြောင့် စက်ဘီးကို ကပျာကယာဘေးသို့ ကပ်လိုက်သည် ။

ဆိုးဝါးလွန်းသည့် လမ်းဘေး ချိုင့်ခွက်များကြောင့် စိုင်း ဟန်ပျက်ကာ လဲကျသွားသော်လည်း ထိုကားမှာ တစ်ချက် ငုံ့မကြည့် မောင်းထွက်သွားခဲ့သည် ။

"အား ... စ် ... တောက် ... ဘယ်လိုဟာမျိုးတွေမှန်း မသိဘူး ... အ ... "

စိုင်းရှေ့သို့ back ဆုတ်ကာ ထိုးရပ်လာသည့်ကား။ ပြောင်လက်နေသည့် ကားbodyနှင့် အနက်ရောင်မှန် တချို့က ကားထဲရှိသူကို မမြင်နိုင် ။

ထိုကားနောက်ခန်းပေါ်မှ ဆင်းလာသည့် သူမှာ လည်း အခန့်ညားဆုံးနှင့် အတောက်ပဆုံးဖြစ်အောင် ဝတ်ဆင်လျက်။

"ကောင်လေး ... ဘာဖြစ်သွားသေးလဲ"

မိမိရှေ့သို့လာရပ်သည့် နက်ပြောင်ပြောင် လယ်သာဖိနပ် ပိုင်ရှင်အား စိုင်း မော့ကြည့် လိုက်သည် ။ ထိုသူကို မြင်ဖူးသယောင်ရှိသည် ။

အနာမကျတ်သေးသည့် ညာဘက် ခြေထောက်ပေါ်မှ ရေနွေးပူလောင်သည့် ဒဏ်ရာပေးခဲ့သူ။

စားသောက်ဆိုင်တွင် ဆုံခဲ့ဖူးသူ။

ထိုသူဆင်းလာသည့် ခတ်လန်းလန်းကားကို ဝေ့ကြည့်လိုက်မိတော့ သူ့ကြောင့် လဲကျသွားသည် ကို လှည့်မကြည့်ပဲ မောင်းထွက် သွားသည့် ကား။

"ကောင်လေး ... ဘာဖြစ်သွားသေးလဲ ... ဟမ်"

စိုင်း၏ ဒေါသတို့ ငယ်ထိပ်တက်စောင့် သွားရပြီ။

"ခင်ဗျားက ကျွန်တော့်ကို နည်းအမျိုးမျိုးနဲ့ ဒုက္ခပေးနေတာပဲ ... ခင်ဗျားကလောကမှာ လူလိုမသိတတ်ဆုံး လူသားပဲဗျ ... ကျုပ်ကို အခါခါ ဒုက္ခပေးနေတာ ခင်ဗျားသိလား ... ခင်ဗျားပေးထားတဲ့ ဒဏ်ရာ အခုထိ မပျောက်သေးဘူး ... ကားကိုဆင်ဆင်ခြင်ခြင် မောင်းပါလား ... "

တရစပ် ပိတ်အော်နေသည့် စိုင်းကြောင့် ကားထဲမှ စစ်သခင်၏ ကိုယ်ရံတော် ပြေးကာထွက်လာသည် ။

စစ်သခင် က ထိုသူအားကြည့်ကာ ခေါင်းအနည်းငယ် ခါပြလိုက်သည် ကြောင့် ထိုသူရှေ့ဆက်မတိုးလာ။

စိုင်းနေရာမှာ တခြားသူသာဆိုလျှင် အမှုန့် ဖြစ်သွားလောက်လေပြီ။

"sorry ကောင်လေး"

"ခင်ဗျား လုပ်ချင်တာလုပ်ပြီးရင် sorryတစ်ခွန်းပြော ပိုက်ဆံတစ်အုပ် ပစ်ပေးလိုက်ရုံနဲ့ ပြီးသွားမယ်လို့ ထင်နေတာလား ... ခင်ဗျားကိုမြင်ရတာ ကျုပ်အတွက်ဂြိုဟ်ဆိုးပဲ ... "

ပြောရင်းလှည့်ထွက်ရန် ပြင်လိုက်သည့် စိုင်း။

ခြေထောက် ခေါက်သွားသည် ကြောင့် ကောင်းကောင်း မထောက်နိုင်။ စစ်သခင် ကူကာတွဲပေးလိုက်ပြီး ...

"ဦးဆေးခန်း လိုက်ပို့ပေးမယ် ... "

"မလိုပါဘူး ... "

ကူတွဲလာသော စစ်သခင်၏ လက်များကို ပုတ်ထုတ်လိုက်သည် ။

"ခင်ဗျားလိုလူဆီက ဘာအကူအညီမှ မလိုချင်ဘူး ... နားလည်လား ... "

ပြောပြောဆိုဆို စက်ဘီးအားတွန်းကာ ထော့ကျိုးကျိုး လျှောက်သွားသည့် ထိုကလေးအား စိတ်မကောင်းစွာ ကြည့်နေမိသည် ။

"ဒီကောင်လေးကွာ ... မလောက်လေး မလောက်စားနဲ့ ..."

စစ်သခင် ၏ စူးခနဲလွင့်ကျလာသည့် နဂါးမျက်ဝန်းကြောင့် ကိုယ်ရံတော် မာန်ထက်နိုင် ပြောလက်စတို့ ရပ်တန့်သွားရသည် ။

"တောင်းပန်ပါတယ် သူဌေး"

ခေါင်းငုံ့ကာ ပြန်တောင်းပန်ရင်း ကားတံခါးအား ဖွင့်ပေးလိုက်သည် ။

ထိုကောင်လေးကို ပြောလိုက်မိသည် ကြောင့် ဒေါသထွက်သွားသည့်

သူဌေးအား ထက်နိုင် နားမလည်စွာ ...

ကားပေါ်ပြန်တက်ကာ လိုရာသို့ ခရီးဆက်ခဲ့သည် ။

***

lap top တစ်လုံးအားရှေ့တွင် ချထားသော်လည်း စိတ်အစုံက တစ်နေရာမှာ ... တစ်စုံတစ်ယောက်ဆီမှာ ဆိုလျှင်ပို၍ မှန်လိမ့်မည်။

"ဟာ ... ခင်ဗျားကို ပိုက်ဆံလိုချင်လို့ ပြောနေတယ်များ မှတ်နေလား ... ခင်ဗျား လူလိုမသိလို့ ပြောနေတာဗျ ... "

"ခင်ဗျားက ကျွန်တော့်ကို နည်းအမျိုးမျိုးနဲ့ ဒုက္ခပေးနေတာပဲ ... ခင်ဗျားကလောကမှာ လူလိုမသိတတ်ဆုံး လူသားပဲဗျ ... ကျုပ်ကို အခါခါဒုက္ခပေးနေတာ ခင်ဗျားသိလား ... ခင်ဗျားပေးထားတဲ့ ဒဏ်ရာအခုထိ မပျောက်သေးဘူး ... ကားကိုဆင်ဆင်ခြင်ခြင် မောင်းပါလား ... "

"ခင်ဗျား လုပ်ချင်တာလုပ်ပြီးရင် sorry တစ်ခွန်းပြော ပိုက်ဆံတစ်အုပ် ပစ်ပေးလိုက်ရုံနဲ့ ပြီးသွားမယ်လို့ ထင်နေတာလား ... ခင်ဗျားကိုမြင်ရတာ ကျုပ်အတွက်ဂြိုဟ်ဆိုးပဲ ... "

"ဟက် ... ဂြိုဟ်ဆိုး ဆိုပဲ ..."

မိမိအားဂြိုဟ်ဆိုး ဟု ပြောသွားသည် ကိုပင် သဘောတကျ ပြုံးလိုက်မိသည့် စစ်သခင်။

"မာန်ထက် ..."

"ဟုတ် ... သူဌေး"

မလှမ်းမကမ်းတွင် အမြဲရှိနေတတ်သည့် ကိုယ်ရံတော် မာန်ထက်နိုင်မှာ အနားသို့ ချက်ချင်းရောက်လာသည် ။

"မနေ့ကတွေ့ခဲ့တဲ့ ကောင်လေး ... မှတ်မိတယ်မလား..."

"သူဌေးကို ကောသွားတဲ့ ... အာ ... ဟို ... "

စကားမှားသွားသဖြင့် ခတ်အအ ဖြစ်သွားသည့် မာန်ထက်နိုင်ကြောင့် စစ်သခင် ပြုံးလိုက်မိသည် ။

အဘယ်သို့ တတ်နိုင်မည်နည်း။ ကိုယ်ကလည်း တော်တော်ဖြစ်ထဲကပင် ပါနေသည် ဆိုတော့ မာန်ထက်ကိုလည်း အပြစ်မြင်ရန် သတိမရလေတော့။

မိမိအလုပ်နှင့် မိမိသွားသည့်နေရာက တစ်နေရာသော်ငြား မိန်းလမ်းမ ဘက်ကနေ ၎င်းလမ်းကြား ငယ်လေးထဲသို့ ချိုးဝင်သွားသည့် ထိုကောင်းလေးငယ်ကို တွေ့လိုက်သည် နှင့် အကြောင်းပြချက်မဲ့စွာ ထိုလမ်းကြားထဲသို့ ဝင်ရန် ပြောကြားလိုက်ခြင်း။ အကြောင်းမသိသော မာန်ထက်ကသာ ရှေ့ရှိကောင်လေးကို စိတ်မရှည်စွာ ဟွန်းသွားတီး လေသည် ကြောင့် ဖြစ်ရလေသော ပြဿနာ...။

"ဟုတ်တယ် ... အဲဒီကလေးပဲ ... အဲဒီကလေး အကြောင်းစုံ ငါအကုန်သိချင်တယ် ... သူ့နာမည်၊ မိသားစု၊ သူ့အိမ် သူနဲ့ ပတ်သက်တာမှန်သမျှ အမြန်ဆုံးသိအောင် စုံစမ်းလာခဲ့"

"ဟုတ်ကဲ့ပါ သူဌေး ... "

***

# အပိုင်း ၄

ခြေထောက် နာနေသေးသည် ကြောင့် စိုင်း ကျောင်းမသွားဖြစ်။ မေမေ့ကို အိမ်တွင် နားနေခိုင်းကာ ဆိုင်စောင့်ဖြစ်သည် ။ ကုန်စုံဆိုင်လေးဖြစ်တာကြောင့် စိုင်း ထိုင်စောင့်နေရုံမှ အခြားအလုပ်မရှိ။ ပျင်းပျင်းရှိသည် နှင့် စာအုပ်ကောက်ဖတ်ရင်း ထိုင်နေလိုက်သည် ။ ဘာမိတ္တန်ထက်အစွမ်းထက်သော ပညာပေးစာအုပ်က စိုင်း၏ မျက်ခွံတို့ ကို အဆုံးစွန်ထိ ဆွဲချနေကြသည် ။

***

ကျွန်တော် လိုချင်မိပြီ။ ထိုကလေးကို။ ပိုင်ဆိုင်ချင်မိပြီ။ သူ့ဘဝလေးကို။

ဘာကြောင့် ထိုကောင်လေးအား ချစ်မိသွားသည် ကို မခန့်မှန်းတတ်သော်လည်း အလုပ်ပင်ဖြောင့်အောင် မလုပ်နိုင်တော့ပဲ ထိုကလေးအကြောင်းသာ အမြဲတွေးရင်း ထိုကလေးမျက်နှာထား တင်းတင်းလေးအား မြင်ယောင်ရင်း နေ့ရောညပါ ကုန်ဆုံးနေရသည့် ကျွန်တော့် အဖြစ်။

တစ်သက်နှင့်တစ်ကိုယ် ရင်ခုန်သံဆိုတာ ဘာမှန်းမသိအောင်ပင် တ

စ်ယောက်တည်း အသက်ရှင်လာခဲ့သည့် ကျွန်တော် ထိုကလေးကိုတွေ့ပြီးမှ ကျွန်တော့်ဘဝကြီး သိပ်အထီးကျန်နေပါလား ဆိုတာ တဖြည်းဖြည်း ရိပ်မိလာခဲ့သည် ။

ဒီကလေးလေးကို သိပ်ချစ်မိနေပြီ ...

***

ဆိုင်ဝတွင် ရပ်ကာ အိပ်ငိုက်နေသည့် ထိုကလေးအား ကျွန်တော် ကြည့်နေမိသည် မှာ အတော်ကြာလေပြီ။

စာအုပ်လေးအား ပေါင်ပေါ်တွင် တင်ကာ ထိုင်ခုံလက်တန်းပေါ်သို့ လက်လေးထောက်ရင်း ငိုက်နေရှာသော ထိုကလေးလေးအား ကျွန်တော် စိတ်ရှိတိုင်း ပွေ့ဖက်နမ်းရှိုက် လိုက်ချင်မိသည် ။

ထိုကလေးနှင့် စတွေ့စဉ်ထဲက ပြုံးမိသောအပြုံးများက မရေတွက်နိုင်တော့။ အပြုံးမဲ့ကျောက်ခဲ လို့ ဒုစရိုက်လောကမှာ နာမည်ကြီးသည့် ကျွန်တော်စစ်သခင်။ ထိုကလေးနှင့်တွေ့မှ မျက်နှာပိုးကို မသတ်နိုင်။

ဒီပုံစံနဲ့ များ ဆိုင်စောင့်နေသေးတယ်ကွာ ... ဘယ်လိုကလေးမှန်းကို မသိဘူး ...

အတွေးနှင့်ပင် နောက်တစ်ဖန် ပြုံးလိုက်မိပြန်သေးသည် ။

"ကိုတိမ်ယံ ... ကိုတိမ်ယံ"

"ဟမ် ... ဟမ် ... အေး"

သူ့အရှိန်လေးနှင့် သူငိုက်နေသည့် စိုင်း မှာ ဆိုင်တွင် မုန့်လာဝယ်သ

ည့် ကလေးကြောင့် လန့်ဖျပ်ကာ နိုးသွားရသည်။

ကျစ် ... သူများ အိပ်နေတာကို ဘာကလေးမှန်း မသိဘူး ချစ်ရသူလေး အိပ်ရေး ပျက်သွားသည် ကြောင့် စစ်သခင် ထိုကလေးငယ်အား တိတ်တိတ်လေး ကျိန်ဆဲလိုက်မိသည်။

"ကိုတိမ်ယံ ဒါယူမယ်"

"အေးအေး ယူ ဖိုးသား"

"ကိုတိမ်ယံကလည်း ဘာလို့ အိပ်နေတာလဲ ... ဒီဦးဦး မုန့်ဝယ်မို့ထင်တယ် ဆိုင်ရှေ့မှာ ရပ်နေတာ ကြာလှပြီ"

ဖိုးသားလေးက ပြောပြောဆိုဆို မုန့်ထုတ်ပိုက်ကာ ဆိုင်ထဲမှ လှည့်ထွက်သွားသည်။

"ဟို ... ကျွန်တော် မသိလိုက်လို့ ပါ ... တောင်းပန် ... အော် ... ဘယ်သူများ လဲ မှတ်တယ် ... ခင်ဗျားကို"

စိုင်း တစ်ယောက် သူ့အား ခေါင်းလေးငုံ့ကာ တောင်းပန်နေသဖြင့် ကျေနပ်ကာရှိသေး လေသံနှင့်မျက်နှာထားမှာ ချက်ချင်း ပြောင်းလဲသွားသည့် စိုင်းကြောင့် မျက်နှာကိုလက်နှင့် တစ်ချက်ပွတ်ကာ မျက်နှာပိုး သတ်လိုက်သည်။

"ခင်ဗျား ဘာလာလုပ်ပြန်တာလဲ ... ဒီဆိုင်မှာ ခင်ဗျားလိုလူမျိုး လိုအပ်တဲ့ ပစ္စည်း မရှိတာတော့သေချာတယ် ... ကျွန်တော့်ကို ဘာတွေထပ်ပြီး ဒုက္ခပေးချင်သေးလို့ လဲ ..."

စိုင်းက ခတ်အေးအေး လေသံဖြင့်သာ ပြောသည်။

"မဟုတ်ပါဘူးကွာ ... ဦး မင်းကိုဒုက္ခပေးဖို့ လည်း မဟုတ်ပါဘူး ... မ

င်းကို ... "

"တော်စမ်းပါ ... ခင်ဗျားကိုလေ ဘယ်ဘဝက ရေစက်ကြောင့်မှန်း မသိပေမဲ့ တော်တော်ကို ကြည့်မရဘူးသိလား ... လူတွေကိုငွေနဲ့ ပေါက်ပြီး အနိုင်ကျင့်မယ့် မျက်နှာထားမျိုးနဲ့ ... သွားပါတော့... ခင်ဗျား မျက်နှာကိုမြင်ရတာ ဒေါသထွက်လွန်းလို့ ... နောက်လည်း ကျွန်တော့် မျက်စိရှေ့မှာ မပေါ်လာပါနဲ့ "

"ကောင်လေး ... မင်း ဦးကိုဘာလို့ အဲဒီလောက်ခါးခါးသီးသီး ဖြစ်နေရတာလဲ ... ဖြစ်ခဲ့တာတွေ အကုန်လုံးက ဦးတမင်တကာလုပ်ခဲ့တာ ဘာတစ်ခုမှ မပါဘူးလေ ... "

"တမင်တကာပဲလုပ်လုပ် မတော်လို့ ပဲဖြစ်ဖြစ် ခင်ဗျားကို ကြည့်လို့ကိုမရတာ ... ခင်ဗျားရဲ့ စကားပြောတာဆိုတာ ... လူတစ်ယောက်ကို ကြည့်တဲ့ အကြည့် ... တစ်လောကလုံးကို ခင်ဗျား လုပ်ကျွေးနေရသလို ဖြစ်နေတဲ့ ခင်ဗျားရဲ့ မျက်နှာထား ... အကုန်လုံးပဲ ခင်ဗျားကို ကြည့်မရတာတွေ... သွားပါတော့ဗျာ ... ကျွန်တော် အေးအေးဆေးဆေး အု ..."

အမှတ်မထင် တိုးဝင်လာသည့် နှုတ်ခမ်းတစ်စုံ။ အနမ်းဖြစ်သော်ငြား စိုင်း နာကျင်မိ၏။

မလုပ်သင့်မှန်း သိသော်လည်း ကျွန်တော့်စိတ်ကို ကျွန်တော် မထိန်းလိုက်နိုင်။ ရပ်တန့်လိုက်သင့်ပြီ ဖြစ်သော်လည်း မရပ်တန့်ချင်သေး ချိုမြိန်သည် ။ နူးညံ့လွန်းသည် ။ တပ်မက်ဖွယ်ကောင်းသည် ။ ချစ်ရသူအား ကြင်နာစွာနမ်းရှုံ့သည့် အရသာဆိုတာ ဒါမျိုးကိုခေါ်သည် လား။ အနမ်းဆိုသည် ကို ကျွန်တော့် ဘဝတစ်သက် မသုံးဆောင်ဖူးခဲ့။

***

စိုင်း ရုတ်တရက်မို့ မရှောင်လိုက်နိုင်သလို၊ ဘာဖြစ်သွားမှန်းပင် မသိလိုက်သည် ကြောင့် ရုန်းလည်း မထွက်မိ။

'ဘာလို့ ... ဘာလို့ ... ငါ့ကို ဒီလိုလဲ ... ဘာလို့ လဲ ... ငါ့ကို အထင်သေးတာလား'

ကွာခြားလွန်းသော ခန္ဓာကိုယ် အရွယ်အစားကြောင့် စိုင်းအားကုန်သုံးကာ စစ်သခင်အား တွန်းထုတ်လိုက်သည် ။

"sorry ကောင်လေး ... ဦး ... ဦးစိတ်လွတ်သွားတယ်"

'ဒီလူ ... ဘာသဘောလဲ'

စစ်သခင် ထူပူသွားကာ ဆိုင်ထဲမှ ချက်ချင်း လှည့်ထွက်လိုက်မိသည် ။

ထိုစဉ် ... စိုင်း၏ လက်ချက်ကြောင့် စစ်သခင်ခေါင်း ထက်တွင် တစ်စစီ ကွဲကြေသွားသည့် ပန်းအိုးငယ်လေး။

နှဖူးထက်သို့ စီးကျလာသည့် သွေးစက်တချို့။ ရိုက်ချက် ပြင်းလွန်းလှသော်လည်း စစ်သခင်အတွက်တော့ ခြင်ကိုက်သလောက်သာ။ ထို့ထက်ပြင်းသော ဒဏ်ရာပေါင်းများ စွာ ရခဲ့ပြီးပြီမဟုတ်လား။

ဦးခေါင်းထက်မှ စီးကျနေသည့် သွေးစက်တချို့ကို လက်ချောင်းများနှင့် တို့ ကာကြည့်ရင်း စိုင်းအားစူးနစ်စွာ ပြန်ကြည့်လိုက်သည် ။ အံ့လည်း အံ့သြမိသည် ။ ထိုမျှထိ လုပ်ရဲသော ကလေးအား။

မိမိအား မီးထွက်မတတ် စိုက်ကြည့်နေသည့် စိုင်း၏ ဒေါသမျက်ဝန်း

လှလှများ ။

စိုင်း၏ နှုတ်ခမ်းများ တဆတ်ဆတ် တုန်ယင်နေသည့် အထိ ဒေါသမီးများ လောင်မြိုက်နေသည် ။ နှုတ်မှ တော့ ဘာတစ်ခွန်းမျှ ပြောထွက်မလာခဲ့။

ထို့အခိုက် စစ်သခင် မဲ့ပြုံးတစ်ခုကို ပန်ဆင်လိုက်ပြီး ထိုဆိုင်လေးအား ကျောခိုင်းရင် ...

***